# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 20 , 2022 Volume 56, Number 12


**၂၀.၇.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၄၆၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၉၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၈.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၂၂.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၄၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ (၁/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့၊ (၁၄:၀၀)နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ (၁/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေအရ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက် လျက်ရှိပြီး အဖွဲ့အနေဖြင့် တောင်သူလယ်သမားများ နည်းပညာအပြည့်အဝ ရရှိစေရေး၊ သွင်းအားစုနှင့်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာ ပံ့ပိုး နိုင်ရေးနှင့် လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းရရှိရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် များကို ကာမိစေပြီးထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေသည့် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို နှစ်စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးထွက်ရှိမည့် စပါးသီးနှံများကို အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ပေး နိုင်ရန်အတွက် လက်ရှိဓါတ်မြေဩဇာ၊ သွင်းအားစုဈေးနှုန်းများ၊ အခြေခံစားကုန် ဈေးနှုန်းများ၊ ကမ္ဘာ့ဆန်ဈေးကွက်ပေါက်ဈေးနှုန်းစသည့် အချက်အလက်များအပေါ် အခြေခံ၍ အဆိုပြုဈေးနှုန်းတစ်ရပ်ကို ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြပေးစေလိုပါ ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး အဖွဲ့ဝင်များက အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်အဆိုပြုနိုင်ရေးအတွက်

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြရာ ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အစည်းအဝေးသို့ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%9C%E1%80%9A%E1%80%BA%E1%8

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်မှ ၁၅ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူး၊ ငှက်ပျော၊ ပဲတီစိမ်း၊ နှမ်းနက်၊ ဆန်ကွဲ၊ နှမ်း၊ ဆန်၊ မြေထောက်ပဲ၊ ထောပတ်ပဲနှင့်ပဲယင်းများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၁၆၅၂၇၇၀ ဒသမ ၂၈ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၈၅၁၃၅ ဒသမ ၁၄ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၇၃၇၉၀၅ ဒသမ ၄၂ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ သုတ်ဆေး/ပေါလစ်များ၊ ဓါတ်မြေသြဇာများ၊ စက်နှင့်စက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၆၅၀၂၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၄၀၉၀၈၇ ဒသမ ၅ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄၇၄၁၀၇ ဒသမ ၅ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၆၅ ယွမ်ဖြစ်ပြီး၊ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၂၇၃ ဒသမ ၉၇ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

## အိတ်စပို့ ပဲမျိုးစုံ ဈေးတက်၊ ကြက်သွန်နီလည်း ဈေးပြန်တက်လာ



https://greenwaymyanmar.com

ဒီတပတ်မှာတော့ ပြည်ပပို့ကုန်ပဲတွေဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံဈေးတွေအားလုံးပြန်တက်လာတယ်လို့ စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ(AMIA) က ပေးပို့လာတဲ့ သီးနှံဈေးနှုန်းဖော်ပြချက်တွေအရ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပြီးခဲ့တဲ့နှစ်ပတ်လောက်ကစလို့ အကျဘက်ကို ဆက်တိုက်ဆင်းသွားတဲ့ မတ်ပဲဈေးတွေဟာ တစ်တန်ကို ကျပ် ၄၅၀၀၀ ကနေ ၅၀၀၀၀ ထိ ပြန်တက်လာတာပါ။

ဒီနေ့ဘုရင့်နောင်ဈေးကွက်ဈေးတွေကတော့ မတ်ပဲ(FAQ/RC – 2022) က တစ်တန်ကို ၁၅၈၂၅၀၀ ကျပ်၊ မတ်ပဲ(SQ/RC – 2021) က တစ်တန်ကို ၁၈၁၂၅၀၀၀ ကျပ် အသီးသီးရှိနေတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ မတ်ပဲဈေးတက်တာ၊ ပြည်တွင်းငွေလဲလှယ်နှုန်းတွေ မြင့်တက်တာတွေကြောင့် ဈေးကပြန်မြင့်လာတာဖြစ်တယ်လို့ AMIA က သုံးသပ်ထားပါတယ်။

ပြီးခဲ့တဲ့အပတ်က အနည်းငယ်ကျရိပ်ပြန်ပြလာတဲ့ ပဲစင်းငုံနီ (RC – 2021) ဈေးဟာလည်း တစ်တန်ကို ၃၇၅၀၀ ဈေးပြန်တက်လာပြီး ဒီနေ့ဈေးနှုန်းတစ်တန်ကို ၁၄၆၂၅၀၀ ကျပ် ပေါက်ဈေးရှိပါတယ်။ တရုတ်နိုင်ငံဘက်ကို အဓိကတင်ပို့နေတဲ့ ပဲတီစိမ်းဈေးကွက်ဟာလည်း မန္တလေးဈေးကွက်မှာ ပိဿာ(၆၀) တစ်အိတ်ကို ကျပ် ၅၀၀၀ ကနေ ကျပ် ၁၀၀၀၀ ကြား တက်လာပြီး ၁၂၅၀၀၀ – ၁၄၀၀၀၀ ကြား ပေါက်ဈေးရှိနေတာပါ။

ကြက်သွန်နီဈေးတွေလည်း ဒီတစ်ပတ်အဖွင့်မှာတော့ ဈေးပြန်တက်လာပါတယ်။ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ အမျိုးအစားကိုလိုက်လို့ တစ်ပိဿာကို ကျပ် ၁၀၀ ကနေ ၁၅၀ ခန့်အထိ ဈေးတွေပြန်တက်လာတာဖြစ်ပါတယ်။

တစ်ပိဿာအလိုက်ဈေးနှုန်းတွေကတော့ –

ကြက်သွန်နီ (ဆိပ်ဖြူရှယ်(သစ်) – ၁၇၅၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) – ၁၆၅၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) – ၁၅၅၀ ကျပ်

ကြက်သွန်နီ (ဆိပ်ဖြူလတ်ချော) – ၁၂၅၀ ကျပ်တွေဖြစ်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Pulses_Onion_Market_Prices

## ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံနှင့်ဆန်မှုန့်များကို ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာ့ဆန်နှင့်ဆန်ကွဲကိုသာမက ဆန်အခြေခံတန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံနှင့် ဆန်မှုန့်များကို ပြည်ပဈေးကွက်သို့ထိုးဖောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာ့ဆန်နှင့်ဆန်ကွဲကို နိုင်ငံပေါင်း ၆၀ ကျော်သို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး မြန်မာ့ဆန်နှင့်ဆန်ကွဲကိုသာမက ဆန်အခြေခံတန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံနှင့်ဆန်မှုန့်များကို ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ဆောက်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆန်အခြေခံတန်ဖိုးမြင့်ထုတ်ကုန်များကို ယခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ထံမှသိရသည်။

"လက်ရှိမှာတော့ မြန်မာ့ဆန်နှင့်ဆန်ကွဲကို ပင်လယ်ရေကြောင်းကနေ ပမာဏများများစားစား တင်ပို့နေရတာတော့ အာရှနိုင်ငံတွေထဲက နိုင်ငံတစ်ချို့နဲ့ ဥရောပနိုင်ငံတွေထဲက နိုင်ငံတစ်ချို့ဖြစ်ပါတယ်။ အဲဒီ ပုံမှန်ဝယ်လက်နိုင်ငံတွေကို အရည်အသွေးမြင့် ဆန်တင်ပို့နိုင်ဖို့နဲ့ ဈေးနှုန်းမြင့်မြင့်မားမားရဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခုကတော့ ပို့ကုန်အမည်သစ် တိုးချဲ့နိုင်ဖို့အတွက်ကတော့ ဒီနှစ်ကနေစပြီး ၂၀၂၅ ခုနှစ်အတွင်းမှာ ဆန်ကိုအခြေခံပြီးတော့ ထုတ်လုပ်ထားတဲ့ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံနဲ့ ဆန်မှုန့်တွေကိုလဲ ဈေးကွက်အသစ်အနေနဲ့တင်ပို့သွားဖို့ စီစဉ်နေပြီဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောပြသည်။

ထိုကဲ့သို့ အခြေခံတန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ ဆန်မှုန့်များကို ပြည်ပသို့တင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ စိုက်ပျိုးရေးကုမ္ပဏီကြီးများနှင့် ဆန်ပို့ကုန်လုပ်ငန်းရှင်ကြီးများ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုအများဆုံးနိုင်ငံများမှာ အာဖရိကဒေသရှိ နိုင်ငံများသို့လည်းကောင်း၊ အာရှဒေသရှိ နိုင်ငံများနှင့် အာဆီယံဒေသအတွင်းနိုင်ငံများသို့လည်းကောင်းတင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဆီအုန်းပို့ကုန်များ အခွန်စည်းကြပ်မှုအပေါ် ဩဂုတ် ၃၁ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ပယ်ဖျက်ပေး

ဆီအုန်းတင်ပို့မှုမြင့်တင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံသည် လာမည့်ဩဂုတ် ၃၁ ရက်ထိတိုင် ဆီအုန်းပို့ကုန်များအတွက် ပို့ကုန်ခွန်စည်းကြပ်ထားမှု ပယ်ဖျက်ပေးထားကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

မိမိတို့အနေဖြင့် ဆီအုန်းတင်ပို့မှုမြင့်တင်ရေးအတွက် ဆီအုန်းပို့ကုန်အားလုံးအတွက် သတ်မှတ်ထားသော ပို့ကုန်ခွန်စည်းကြပ်မှုပုံစံကို လာမည့်ဩဂုတ် ၃၁ ရက်ထိ ပလပ်ပေးထားကြောင်း အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီးဌာန တာဝန်ရှိသူများက ဇူလိုင် ၁၆ ရက်တွင် ပြောကြားထားသည်။

ဆီအုန်းပို့ကုန်များအပေါ် အခွန်စည်းကြပ်ပလပ်ပေးထားမှုကြောင့် အစိုးရဝင်ငွေထိခိုက်မှု ရှိလိမ့်မည်မဟုတ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများ၏ အဆိုအရသိရသည်။

ပြည်တွင်းစားဆီဈေးနှုန်းမြင့်တက်မှုကို လျှော့ချရေးအတွက် အင်ဒိုနီးရှားအစိုးရက ယခုနှစ်စပိုင်းအတွင်း ပြည်ပသို့ စားအုန်းဆီနှင့်ဆီအုန်းကုန်ကြမ်းများတင်ပို့မှုကို ရက်သတ္တသုံးပတ်ကြာပိတ်ပင်ခဲ့ပြီးနောက် အင်ဒိုနီးရှား ဆီအုန်းစိုက်ပျိုးသူများမှာ လက်ဝယ်၌ ကုန်ကြမ်းပိုင်ဆိုင်မှု၊ ပိုလျှံမှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့သော် စားအုန်းဆီနှင့်ဆီအုန်းကုန်ကြမ်းများ ပြည်ပတင်ပို့မှုစည်းမျဉ်းကို ပြန်လည်ရုပ်သိမ်းပြီးနောက် အင်ဒိုနီးရှား အစိုးရသည် ဆီအုန်းပြည်ပတင်ပို့မှု ပြန်လည်မြှင့်တင်ရေးအတွက် ကြိုးပမ်းခဲ့ရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ ကိန္နရီ၊ ကိန္နရာမောင်နှံအရုပ်များ တင်ပို့ပေးနေရ



Source: ရတနာပုံ

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ ကိန္နရီ၊ ကိန္နရာမောင်နှံအရုပ်များ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့ပေးနေရကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင် ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးကပြောပြ၍ သိရသည်။

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မြန်မာနိုင်ငံမှ အမှတ်တရလက်ဆောင်ပစ္စည်းများကို မှာယူလေ့ရှိပြီး ယခုဇူလိုင်လတွင် အမြင့် ၁၅ လက်မ၊ အလျား ကိုးလက်မအရွယ်အစား ကိန္နရီ၊ ကိန္နရာမောင်နှံအရုပ်များ မှာယူလျက်ရှိသည့်အတွက် ရှမ်းပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ပေးလျက်ရှိကြောင်းသိရသည်။

"ပြည်ပမှာရှိတဲ့ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို နယ်စပ်ကုန်သွယ်ရေးကနေ ကိန္နရီ၊ ကိန္နရာမောင်နှံအရုပ်တွေ ပို့ရတာရှိပါတယ်။ ဒီနှစ် နှစ်ဆန်းပိုင်းကနေစပြီး သူတို့မှာယူတဲ့အတိုင်း ပို့ပေးနေပါတယ်။ ဒီလထဲမှာတော့ အမြင့် ၁၅ လက်မ၊ အလျား ကိုးလက်မအရွယ်အစား ကိန္နရီ၊ ကိန္နရာမောင်နှံအရုပ် ၂၀၀ မှာထားပါတယ်။ ဇူလိုင်လ ဒုတိယပတ်ကစပြီးတော့ အရုပ်တွေ စတင်တင်ပို့နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်ပိုင်အလုပ်ရုံကပဲ ထုတ်လုပ်မှာဖြစ်ပါတယ်" ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များက မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်နေသည့် နိုင်ငံများရှိ နယ်စပ်မြို့များအတွင်း ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်နှင့်ဆန်ကွဲ နေ့စဉ်တင်ပို့နေမှု တန်ချိန် ၂၅၀ ခန့်ရှိနေ

ပြည်ပသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်နှင့်ဆန်ကွဲ နေ့စဉ်တင်ပို့နေမှု တန်ချိန် ၂၅၀ ခန့်ရှိနေပြီး တင်ပို့မှုပမာဏ များပြားကာဈေးကောင်းရနေကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်ရှိ မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းထံမှသိရသည်။

ပြည်ပသို့ မြန်မာဆန်နှင့်ဆန်ကွဲကို ကျင်စန်းကျော့ဂိတ်မှတစ်ဆင့် နေ့စဉ်တင်ပို့မှုတန်ချိန် ၂၅၀ ခန့်ရှိပြီး ယခုနှစ် မေ ၁၆ ရက်နောက်ပိုင်းမှစ၍ တင်ပို့မှုပမာဏများပြားလာကာ ဈေးကောင်းရရှိလျက်ရှိကြောင်း၊ ထိုသို့တင်ပို့ရာတွင် ယခင်ကဲ့သို့ ကြန့်ကြာမှုများမရှိတော့ဘဲ ပြည်ပက ကိုဗစ်စည်းကမ်းများကို ဖြေလျှော့ထား၍ အဆင်ပြေကြောင်းသိရသည်။

"ပြည်ပကို ဆန်နှင့်ဆန်ကွဲတင်ပို့နေတာက အကျိုးအမြတ်ရရှိပြီး အဆင်ပြေပါတယ်။ ဈေးနှုန်းအနေနဲ့ ပြောရရင်လဲ ကီလို ၅၀ ဆန်တစ်အိတ်ကို ယွမ် ၁၅၀ နဲ့ ၁၆၀ ကြားရှိပါတယ်။ ကီလို ၅၀ ဆန်ကွဲတစ်အိတ်ကို ယွမ်ငွေ ၁၂၀ လောက်ရှိပါတယ်။ ဆန်နဲ့ဆန်ကွဲတစ်အိတ်ကို ပျမ်းမျှ ယွမ်ငွေ ၁၀ လောက် ဈေးတက်လာတယ်လို့ ပြောချင်ပါတယ်" ဟု မူဆယ်မြို့နယ်ရှိ မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောပြသည်။

ပြည်ပသို့ မြန်မာဆန်နှင့်ဆန်ကွဲကို ကျင်စန်းကျော့ဂိတ်မှတစ်ဆင့် တင်ပို့မှုသည် နေ့စဉ်မြင့်တက်နေပြီး လက်ရှိကာလတွင် ဆန်နှင့်ဆန်ကွဲအိတ်ရေ ၁၀၀၀ တင်ဆောင်ထားသည့် ကုန်တင်အစီးရေ တစ်နေ့လျှင် ပျမ်းမျှ ၁၅ စီးခန့် ပြည်ပနိုင်ငံများအတွင်းသို့ဝင်နေကာ ယခင်လများထက် ကုန်တင်ယာဉ်စီးရေမှာ လေးစီး၊ ငါးစီးခန့်တိုးလာကြောင်း၊ ဆန်နှင့်ဆန်ကွဲနေ့စဉ်တင်ပို့မှုမှာ တန်ချိန် ၂၅၀ ခန့်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်၊ ဆန်ကွဲ၊ ပဲတီစိမ်း၊ ဆီထွက်သီးနှံ၊ ပြောင်းဖူး၊ ရော်ဘာနှင့်စားသောက်ကုန်တို့ တင်ပို့လျက်ရှိပြီး ပြည်ပဘက်မှ ဓာတ်မြေဩဇာ၊ လျှပ်စစ်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ မြန်မာနိုင်ငံသို့ ဝင်ရောက်လျက်ရှိကြောင်း မူဆယ်မြို့နယ်ရှိ မူဆယ်ကုန်စည်ဒိုင်မှသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်တွင်းရွှေထုတ်လုပ်မှုစရိတ်မြင့်တက်နေသောကြောင့် မြန်မာ့ရွှေဈေးကွက်အတွင်း ရွှေဈေးနှုန်းအမြင့်ပိုင်းတွင်သာ ဆက်လက်တည်ရှိနေနိုင်

ပြည်တွင်းရွှေထုတ်လုပ်မှုစရိတ်မြင့်တက်နေသောကြောင့် မြန်မာ့ရွှေဈေးကွက်အတွင်း ရွှေဈေးနှုန်းအမြင့်ပိုင်းတွင်သာ ဆက်လက်တည်ရှိနေနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောပြ၍သိရသည်။

ပြည်တွင်းရွှေ အဓိကထွက်ရှိသည့်နေရာများမှ ပြည်တွင်းရွှေဈေးကွက် အကြီးမားဆုံးတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးသို့ ရွှေသယ်ယူသည့်စရိတ်နှင့် ရွှေတူးဖော်မှုစရိတ် မြင့်တက်နေမှုများကြောင့် ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းနေသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ လိုက်ပါကျဆင်းခြင်းမရှိနိုင်သေးသည့် အခြေအနေတွင်ရှိကြောင်း ဦးမျိုးမြင့်ကပြောပြသည်။

"အဓိကကတော့ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းတွေမှာ ထုတ်လုပ်မှုစရိတ်တွေ မြင့်တက်နေတာ၊ နောက်ပြီး ရွှေတူးဖော်တဲ့ဒေသတွေကနေ ရန်ကုန်ထိ သယ်ယူပို့ဆောင်စရိတ်တွေကလဲ အရင်ထက်ကြီးမြင့်လာတာကြောင့် ကမ္ဘာ့ရွှေဈေးပြန်ကျနေပေမဲ့ ပြည်တွင်းအခေါက်ရွှေဈေးက အမြင့်ပိုင်းမှာပဲ ဆက်ရှိနေသေးတာဖြစ်ပါတယ်။ တနိုင်း၊ ချီဖွေစတဲ့ ရွှေသတ္တုတူးဖော်ရေးနေရာတွေမှာ အရင်က တစ်ကျပ်သားကို ငွေကျပ် ၁၃ သိန်းလောက်ပဲရှိရာကနေ အခုချိန်မှာ တစ်ကျပ်သားကို ငွေကျပ် ၁၉ သိန်းထိ ပေါက်ဈေးရှိနေတာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောပြသည်။

လက်ရှိတွင် မိုးကာလဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ရွှေဈေးကွက်အတွင်းသို့ ပြည်တွင်းထွက် ရွှေကုန်ကြမ်းအဝင်နည်းနေသည့်အတွက် ရွှေဈေးနှုန်းမှာအမြင့်ပိုင်းတွင်ရှိနေခြင်းဖြစ်ကြောင်း၊ ထိုသို့ ရွှေဈေးနှုန်းအမြင့်ပိုင်းတွင်ရှိနေသည့်အတွက် ဈေးကွက်အတွင်း ရွှေပြန်လည်ရောင်းချသူများ များပြားနေသောကြောင့် ရွှေကုန်ကြမ်းပြတ်လပ်မှုမရှိကြောင်းသိရသည်။

လတ်တလော ရန်ကုန်တိုင်းဒေသကြီး ရွှေဈေးကွက်အတွင်း ရွှေဆိုင်အားလုံး ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိသကဲ့သို့ ရွှေဆိုင်များအတွက် ရွှေထည်များထုတ်လုပ်ပေးနေသည့် ပန်းထိမ်လုပ်ငန်းများလည်း ပြန်လည်လုပ်ကိုင်နေပြီဖြစ်ကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကို ဗန်းမော်မှတစ်ဆင့် မန္တလေးဆိပ်ကမ်းသို့တင်ပို့သည့် ကုန်တင်သင်္ဘောများပြားလာ

ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကို ဗန်းမော်မှတစ်ဆင့် မန္တလေးဆိပ်ကမ်းသို့ ရေလမ်းကြောင်းဖြင့်တင်ပို့သည့် ကုန်တင်သင်္ဘောများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သည့်အတွက် ကုန်တင်သင်္ဘောများသွားလာရာတွင် လွယ်ကူအဆင်ပြေစွာသွားလာလျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်များ၊ အဝတ်အထည်များ၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများကို ဗန်းမော်ဘက်မှတစ်ဆင့် မန္တလေးဆိပ်ကမ်းသို့ ကုန်တင်သင်္ဘောမှာ ဇူလိုင်လပထမပတ်က တစ်ရက်လျှင် အစီးရေ ၂၀ ကျော်သာရှိခဲ့သော်လည်း ဇူလိုင် ၁၇ ရက်မှစ၍ တစ်ရက်လျှင် အစီးရေ ၅၀ ကျော်ထိရှိလာကြောင်း သိရသည်။

"ပြည်ပကတင်သွင်းတဲ့ ကုန်စည်တွေကို လွယ်ဂျယ်နယ်စပ်ဂိတ်ကနေတစ်ဆင့် ကုန်တင်ကားတွေနဲ့ ဗန်းမော်ဘက်ထိ သယ်ကြတယ်။ ဗန်းမော်ကနေတစ်ဆင့် ရေလမ်းကြောင်းကနေ ကုန်တင်သင်္ဘောတွေနဲ့ ပြန်ပြီးတင်ပို့မှုက တော်တော်လေး များလာတယ်။ ပြည်ပကတင်သွင်းတဲ့ ကုန်ပစ္စည်းတွေအထဲမှာတော့ အဝတ်အထည်နဲ့အထည်အလိပ်တွေက အများဆုံးဖြစ်နေတယ်။ အခြားစားသောက်ကုန်တွေဖြစ်တဲ့ ခေါက်ဆွဲခြောက်ထုပ်တွေနဲ့ လူသုံးကုန်၊ အလှကုန်ပစ္စည်းတွေကလဲ အနည်းငယ်လောက်ပဲပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းမှ အမြတ်ငွေ ဘတ် ၂ ဒသမ ၃ ထရီလီယံ ရရှိမည်ဟုခန့်မှန်း

ထိုင်းနိုင်ငံအစိုးရက လာမည့်နှစ်တွင် ခရီးသွားလုပ်ငန်းမှ အသားတင်အမြတ်ငွေအဖြစ် ဘတ် ၂ ဒသမ ၃၈ ထရီလီယံ ရရှိမည်ဟုခန့်မှန်းထားကြောင်း ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ဇူလိုင် ၁၈ ရက်တွင်ပြောသည်။ မျှော်မှန်းထားသည့် အကောင်းဆုံးအခြေအနေအတိုင်းဖြစ်လာပါက နိုင်ငံတကာခရီးသွားများထံမှ အမြတ်ငွေ ဘတ် ၁ ဒသမ ၅ ထရီလီယံ ရရှိမည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်းခရီးသွားများထံမှ အမြတ်ငွေသည် ဘတ်ဘီလီယံ ၈၈၀ အထိရရှိနိုင်ကြောင်း ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အကြီးအကဲဖြစ်သည့် ယူသာဆက်ဆူပါဆွန်းကပြောသည်။ ယင်းကဲ့သို့သော အခြေအနေသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ မဖြစ်ပွားမီအချိန်က ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှရရှိသော အမြတ်ငွေ၏ ၈၀ ရာခိုင်နှုန်းခန့်ရှိမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ ထိုင်းနိုင်ငံအတွက် လိုအပ်သောဘဏ္ဍာငွေများကို အများဆုံးရှာဖွေပေးနိုင်သည့် လုပ်ငန်းမှာ ခရီးသွားလုပ်ငန်းဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါကြောင့် ပိတ်ထားရသည့် အဆိုပါလုပ်ငန်းကို အဆင့်ဆင့်ပြန်လည်ဖွင့်လှစ်လာရခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/28200

## ယူနန် စပျစ်နီ ပြည်ပတင်ပို့ရန် ယခုနှစ်မှာ အခက်အခဲများရင်ဆိုင်နေရ



https://www.foodindustrydirectory.com.mm

ယခုနှစ်မှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ စပျစ်နီ Red grape များ ပြည်ပတင်ပို့ရန် အခက်အခဲများရင်ဆိုင်နေရပြီး ဈေးကွက်ထဲမှာ ပြိုင်ဆိုင်မှုများလည်း ပြင်းထန်နေပါတယ်။ တရုတ်နိုင်ငံက စားပွဲတင်စပျစ်သီးများ ထုတ်လုပ်မှုအများဆုံးဖြစ်သလို စားသုံးမှုလည်း များပြားပါတယ်။

တရုတ်ပြည်မှာ စပျစ်စိုက်ပျိုးခဲ့တဲ့ သမိုင်းကြောင်းက ရင့်ကြာခဲ့ပါပြီ။ ပြည်တွင်းဈေးကွက်ကြီးမားတဲ့အပြင် တရုတ်နိုင်ငံက ပစ္စည်းပေးပို့ကွင်းဆက် အားသာချက်၊ ဈေးနှုန်းအားသာချက်များရှိနေခဲ့ဖူး

ပါတယ်။ တရုတ်စပျစ်ကို အရှေ့တောင်အာရှဈေးကွက်များမှာ အမြဲတမ်းဝယ်လိုအားကောင်းပါတယ်။ ပြည်ပပို့ကုန်ဈေးကွက်မှာ စပျစ်နီများဟာ အရေးပါတဲ့စပျစ်မျိုးဖြစ်ပါတယ်။

Zhangpu Yicai Fruit & Vegetable Co., Ltd. မှာ Ms. Grace က စပျစ်နီ ပြည်ပတင်ပို့တဲ့ ဈေးကွက်အခြေအနေများကို ပြောပြပါတယ်။ "ဇွန်လမှသြဂုတ်လအထိ ယူနန်ပြည်နယ်မှာ စပျစ်သီးနီထွက်တဲ့ ရာသီဖြစ်ပါတယ်။ ယခုနှစ် အထွက်နှုန်းက ယမန်နှစ်အထွက်နှုန်းနဲ့ မတိမ်းမယိမ်းပါပဲ။ ပြည်ပပို့ကုန်ဈေးနှုန်းတွေကလည်း အတူတူပါပဲ။ ဒါပေမဲ့ ပြည်ပတင်ပို့တဲ့အခြေအနေတွေကတော့ ယမန်နှစ်လို အတူတူဖြစ်လိမ့်မယ်လို့ ကျွန်မတို့မထင်ပါဘူး။ နိုင်ငံတကာဈေးကွက်အပေါ် Covid-19 ဆိုးကျိုးသက်ရောက်မှုက ကြီးမားပါတယ်။ ဝယ်လိုအားတွေ အားနည်းကုန်တယ်။ အဲဒါအပြင် ပင်လယ်ရပ်ခြားဈေးကွက်တွေထဲ တရုတ်စပျစ်တွေ ဝင်ရောက်တဲ့အခါမှာ သြစတေးလျ၊ အီဂျစ်နဲ့ အခြားနိုင်ငံများမှဝင်လာတဲ့စပျစ်တွေကို ယှဉ်ပြိုင်ကြရပါတယ်။ ဝယ်လိုအားတွေ အားနည်းနေတော့ ဈေးကွက်ထဲပြိုင်ဆိုင်မှုက ပြင်းထန်ပါတယ်။ စပျစ်သီးကိုရွေးချယ်တဲ့အခါ တရုတ်စပျစ်ကို ပထမဆုံးရွေးချယ်တာ ဖြစ်ချင်မှဖြစ်မယ်။ အရင်ဆုံး ရွေးစရာဆိုလို့ တရုတ်စပျစ်ပဲရှိတာမျိုးလည်း မဟုတ်ပါဘူး" လို့ သူကပြောပြပါတယ်။

"တရုတ်ပြည်တွင်းမှာ စပျစ်စိုက်ခင်းတွေ တဖြည်းဖြည်းနဲ့ပျံ့နှံ့သွားလို့ နိုင်ငံမှာစပျစ်စိုက်ပျိုးတဲ့ဧရိယာက ကြီးမားပါတယ်။ ဒါပေမဲ့ အမြင့်တန်း စပျစ်အမျိုးအစားများက ပြည်တွင်းဈေးကွက်ထဲမှာ ဈေးမြင့်နေဆဲပါပဲ။ နိုင်ငံတကာဈေးကွက်ထဲ ယှဉ်ပြိုင်ဖို့ ဈေးကြီးလွန်းနေပါတယ်" လို့ Ms. Grace က ပြောကြားပါတယ်။

ကပ်ရောဂါရဲ့ ဆိုးကျိုးသက်ရောက်မှုများနှင့် သင်္ဘောတန်ဆာခများ မြင့်မားနေလို့ ကုန်ကျစရိတ်ကြီးမားနေတဲ့အကြောင်း မေးမြန်းတဲ့အခါ Ms. Grace က ဖြေကြားပါတယ်။ "ကပ်ရောဂါအစပိုင်းမှာ ဆိပ်ကမ်းတွေမှာ ကျပ်စို့နေကြတယ်။ သင်္ဘောတွေ အမြဲလိုလို ရောက်တဲ့ရက်တွေ နောက်ကျတယ်။ ကွန်တိန်နာတင်ဖို့ နေရာမရဘူး။ ကွန်တိန်နာခတွေကလည်း ဈေးတက်တယ်။ ကွန်တိန်နာ သယ်ပို့စရိတ်စကတွေလည်း ဈေးတက်ပါတယ်။ ကျွန်မတို့ရောင်းချမယ့် အစီအစဉ်တွေကို ထိခိုက်ပါတယ်။ ယမန်နှစ်က ကွန်တိန်နာသယ်ပို့ခတွေ ဈေးထိုးတက်ကုန်တယ်။ တင်ပို့ဖို့ စီစဉ်ထားတာတွေ ရုပ်သိမ်းလိုက်ရတယ်။ ကုန်အတွက်နေရာက မလုံလောက်တာကလည်း တစ်ကြောင်းဖြစ်ပါတယ်။ ပြည်ပတင်ပို့စရိတ် မြင့်တက်ကုန်တော့ ပြည်ပတင်ပို့ရောင်းချတဲ့ပမာဏ လျော့ကျကုန်ပါတယ်"

ယခုနှစ်မှာလည်း ကပ်ရောဂါကူးစက်မှုတွေ ပြန်ပြန်ဖြစ်နေတယ်။ ပြည်ပတင်ပို့ဖို့အတွက် ထိခိုက်တယ်။ ပြည်ပသို့ စပျစ်တင်ပို့ကြတဲ့ ပို့ကုန်လုပ်ငန်းရှင်အချို့က ပြည်ပတင်ပို့မယ့် အစီအစဉ်တွေကို ရုပ်သိမ်းလိုက်ကြပြီး တရုတ်ပြည်တွင်းဈေးကွက်ထဲမှာပဲ စပျစ်တွေကို ရောင်းချလိုက်ကြတယ်။ တချို့က အာရှနိုင်ငံတချို့ထံ တင်ပို့လိုက်ကြကြောင်း သူက ပြောပြပါတယ်။ "အာရှဈေးကွက်တွေမှာတော့ တရုတ်စပျစ်က အားသာချက်တွေရှိတယ်။ ပထမတစ်ချက်က သင်္ဘောဖြင့်တင်ပို့တဲ့အခါ လမ်းခရီးက တခြားနိုင်ငံ (အီဂျစ်၊ သြစတေးလျ စသဖြင့်) တွေထက် တရုတ်ဆိပ်ကမ်းတွေကပိုနီးတယ်။ ပိုမြန်မြန်ရောက်တယ်။ ဒီတော့ တရုတ်စပျစ်က ပိုလတ်ဆတ်တယ်။ နောက်တစ်ချက်က အမြင့်တန်းမဟုတ်တဲ့ တရုတ်စပျစ်တွေရဲ့ ဈေးနှုန်းက သက်သာနေဆဲဖြစ်ပါတယ်"

Zhangpu Yicai Fruit & Vegetable Co., Ltd. က တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့်ရှင်ကျန်းပြည်နယ်တို့ရှိ စပျစ်စိုက်ခင်းများထံမှ စပျစ်များကို "Gold Brand" နှင့် "Red Brand" နှစ်မျိုးဖြင့် ဈေးကွက်သို့ တင်ပို့ပါတယ်။ ပို့ကုန်စပျစ်များအားလုံး Global GAP certified ဖြစ်ပါတယ်။

**Source: Zhangpu Yicai Fruit & Vegetable Co., Ltd.**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4711-red-grape-export.html

## ပထမနှစ်ဝက် ကမ္ဘောဒီးယားဆန် တရုတ်က အများဆုံးဝယ်ယူခဲ့

၂၀၂၂ ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားဆန် အများဆုံးဝယ်ယူသည့် နိုင်ငံဖြစ်ပြီး ဆန်တန်ချိန် ၁၆၈,၂၈၀ ဝယ်ယူခဲ့သည်။ ယမန်နှစ် ပထမနှစ်ဝက်ထက် ၁၇ ဒသမ ၄၄ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ ၂၀၂၂ ဇန်နဝါရီလမှ ဇွန်လအထိ ပထမနှစ်ဝက်တွင် ကမ္ဘောဒီးယားဆန်တင်ပို့မှု စုစုပေါင်းတန်ဖိုးသည် ပထမနှစ်ဝက်ထက် ၁၉% ပိုများသည်။

ကမ္ဘောဒီးယားသည် ၂၀၂၂ ပထမနှစ်ဝက်တွင် ဆန်အပြင် စပါးကိုပါ ပြည်ပသို့တင်ပို့ခဲ့ရာ ဆန်နှင့်စပါးတန်ချိန် စုစုပေါင်း ၂.၀၆ သန်းတင်ပို့ခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ ကန်ဒေါ်လာ ၆၁၆ သန်းဖြစ်ပါသည်။ ယမန်နှစ် ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ကြည့်ပါက တန်ချိန်ပမာဏ ၄.၄၁% ပိုများပြီး တန်ဖိုး ၁၉.၁၈% ပိုများကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက အစီရင်ခံစာထုတ်ပြန်ပါသည်။

အဆိုပါ အစီရင်ခံစာတွင် စပါးကို ဗီယက်နမ် တစ်နိုင်ငံတည်းသို့သာ တင်ပို့ခဲ့ပြီး တန်ချိန် ၁,၇၃၃,၁၅၇ တန် တင်ပို့ခဲ့သည်။ တန်ဖိုးစုစုပေါင်းမှာ ကန်ဒေါ်လာ ၃၃၆,၂၃၂,၄၆၅ ဖြစ်သည်။ စပါး တစ်ကီလိုဂရမ် ပျမ်းမျှတန်ဖိုးမှာ ကန်ဒေါ်လာ ၀.၁၉၄၀ ဖြစ်ပါသည်။ ဆန်တင်ပို့မှုမှာ တန်ချိန် ၃၂၇,၂၀၀ ဖြစ်ပြီး တန်ဖိုးမှာ ကန်ဒေါ်လာ ၂၇၉,၇၅၆,၀၀၀ ဖြစ်ပါသည်။ ဆန် တစ်ကီလို ပျမ်းမျှတန်ဖိုးမှာ ကန်ဒေါ်လာ ၀.၈၅၅ ဖြစ်ပါသည်။

ပြည်ပတင်ပို့သည့် ဆန်များကို အကြမ်းအားဖြင့် အမျိုးအစားခွဲခြားကြည့်ပါက ဆန်မွှေးသည် ရာခိုင်နှုန်း အများဆုံးဖြစ်သည်ကို တွေ့ရသည်။ ဆန်မွှေးသည် ၆၃.၃၅% ပါဝင်ပြီး တန်ချိန် ၂၀၇,၂၇၁ ရှိပါသည်။ ဆန်ဖြူသည် ၃၄.၇၂ % ပါဝင်ပြီး တန်ချိန် ၁၁၃,၆၁၇ ရှိပါသည်။ ပေါင်းဆန်သည် ၁.၉၃% ပါဝင်ပြီး တန်ချိန် ၁၁၃,၆၁၇ ရှိပါသည်။

ကမ္ဘောဒီးယားဆန် ဝယ်ယူသည့်နိုင်ငံများတွင် တရုတ်နိုင်ငံက အများဆုံးဖြစ်ပါသည်။ ဆန်ချိန် ၁၆၈,၂၈၀ ဝယ်ယူခဲ့သည်။ အီးယူ ၂၃ နိုင်ငံတို့က တန်ချိန် ၉၈,၆၂၄ ဝယ်ယူခဲ့ကြပါသည်။ အာဆီယံ ၄ နိုင်ငံတို့က တန်ချိန် ၂၈,၆၅၀ ဝယ်ယူခဲ့ကြပါသည်။

အခြား နိုင်ငံ ၁၃ ခုတို့က တန်ချိန် ၃၁,၆၁၆ ဝယ်ယူခဲ့ကြပါသည်။ ကမ္ဘာ့ဈေးကွက်ထဲတွင် ကမ္ဘောဒီးယား ဆန်ဈေးနှုန်းများမှာ ယခင်နှစ်နှင့် မတိမ်းမယိမ်းသာဖြစ်ကြောင်း ကမ္ဘောဒီးယား ဆန်အသင်းချုပ် Cambodia Rice Federation (CRF) အထွေထွေအတွင်းရေးမှူး Lun Yeng က ပြောကြားပါသည်။

ကမ္ဘောဒီးယား ဆန်အသင်းချုပ်က ယခုနှစ်တွင် ဆန်တန်ချိန် ၇၀၀,၀၀၀~၇၅၀,၀၀၀ တင်ပို့ရန် ရည်မှန်းထားပါသည်။ ယခင်နှစ်က ဆန်တန်ချိန် ၆၁၇,၀၆၉ တင်ပို့ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်က ဆန်တန်ချိန် ၆၉၀,၈၂၉ တင်ပို့ခဲ့ပါသည်။

**Source: The Phnom Penh Post**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4712-cambodia%E2%80%99s-jan-jun-rice-exports.html

## ပိုးသတ်ဆေးပါဝင်မှုနှင့်ပတ်သက်၍ စိုးရိမ်ထိတ်လန့်မှုကြောင့် ရေခဲမုန့် အမျိုးအစား (၄) မျိုးအား ဟောင်ကောင်ဒေသ၌ ဈေးကွက်မှဖယ်ရှားခဲ့

ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်သောကြောင့် ဥရောပသမဂ္ဂမှ တားမြစ်ထားသော ethylene oxide ပိုးသတ်ဆေးမှာ Haagen-Dazs ရေခဲမုန့်အမျိုးအစား (၄) မျိုးတွင် ပါဝင်နိုင်သောကြောင့် ဟောင်ကောင်ဒေသ အစားအစာ ဘေးကင်းလုံခြုံရေးစင်တာမှ စားသုံးသူများ မစားသုံးရန်တိုက်တွန်းထားသဖြင့် အဆိုပါရေခဲမုန့် (၂) မျိုးအား စူပါမားကတ်မှဖယ်ရှားခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Four ice-cream products pulled amid pesticide fears” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌ ၃-၇-၂၀၂၂ ခုနှစ်နှင့် ၁၇-၇-၂၀၂၃ ခုနှစ် မတိုင်မီ စားသုံးရန် သင့်လျော်သည့် Haagen-Dazs Vanilla Ice Cream Pint (၄၇၃ မီလီလီတာ)၊ Haagen-Dazs Vanilla Ice Cream Bulk (၉.၄၆ လီတာ) "Haagen-Dazs Vanilla Ice Cream Mini cup" (၁၀၀ မီလီလီတာ"Haagen-Dazs Vanilla Ice Cream Mini cup" (၇၅ မီလီလီတာ ) တို့အား ရောင်းချနေမှုမှရပ်တန့်ခဲ့ကြောင်း၊ အဆိုပါ ရေခဲမုန့်များမှာ ပြင်သစ်နိုင်ငံ၌ ပြုလုပ်ခြင်းဖြစ်ပြီး General Mills Hong Kong မှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ရေခဲမုန့် (၂) မျိုးအား စားသုံးသူများ ဝယ်ယူပြီးလျှင် မစားသုံးရန် အစားအစာဘေးကင်းလုံခြုံရေးစင်တာမှ ပြောကြားထားကြောင်း၊ အဆိုပါ ရေခဲမုန့်များ၌ ဥရောပသမဂ္ဂမှ အသိအမှတ်ပြုထားခြင်း မရှိသော ethylene oxide ပါဝင်သည်ကို ဥရောပသမဂ္ဂ၏ Rapid Alert System for Food and Feed (RASFF) မှ သတိပေးချက်အား အစားအစာဘေးကင်းလုံခြုံရေး စင်တာအနေဖြင့်ရရှိခဲ့ကြောင်း၊ RASFF မှ ရရှိသော အချက်အလက်များ

အရ ethylene oxide ပါဝင်သော ရေခဲမုန့်များ ဟောင်ကောင်ဒေသသို့ တင်သွင်းခဲ့သည်ကိုတွေ့ရှိခဲ့ကြောင်း၊ အစားအစာ ဘေးကင်းလုံခြုံရေးစင်တာမှ အဆိုပါကုန်ပစ္စည်းအုပ်စုများအား ပြန်လည်စစ်ဆေးရန်နှင့် သင့်လျော်သည့်ဆောင်ရွက်မှုများ ပြုလုပ်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ကုန်သည်များအနေဖြင့်လည်း အဆိုပါပစ္စည်းများရှိပါက ရောင်းချမှုအား ရပ်တန့်ရန်ပြောကြားခဲ့ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**(အေးသီနိုင်၊ စီးပွား/ကူးသန်း)**

**Source:** https://www.thestandard.com.hk/breaking-news/section/4/192129/_Four-ice-cream-products-pulled-amid-pesticide-fears

## STOCK EXCHANGE (20.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,300 | 673 | 4,914,300 | 33,109,694 | 245,012 |
| MTSH | 00002 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 4,000 | 10,400,000 | 38,929,150 | 101,216 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 1 | 7,300 | 10,400,986 | 75,928 |
| FPB | 00004 | 18,000 | +500 | +2.86% | 17,500 | 18,000 | 17,500 | 118 | 2,112,500 | 2,472,053 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 3 | 7,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 3 | 7,650 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 1 | 4,900 | 10,497,598 | 51,438 |


### Market summary

As of 20th Jul. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.53 | -1.01 | -0.29% | 345.42 | 345.53 | 342.92 | 4,799 | 17,454,150 | 7 | 601,091 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 20th Jul. 2022

| MYANPIX | 345.53 ▼ 1.01 |
|---|---|
| Total Volume (shares) | 4,799 |
| Total Value (MMK) | 17 mil |
| Listed Company | 7 |
| Market Cap. (MMK) | 601,091 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 0 |
| MTSH | 00002 | 2,600 | ▼ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 500 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |

TIR